# ဘယ်မန်နီဖက်စ်

# 2019-2022

## လုံခြုံရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အတူတကွ လုပ်ဆောင်ခြင်း

ဆန်ဗီကန်တွင် စိတ်ဝင်စားဖွယ်ရာ အများအပြား ရှိပါသည်။ မူကြိုကျောင်းကို တိုးချဲ့ထားပြီး ဘိုးဘွားဂေဟာအသစ်ကို ယခုနှစ်တွင် စတင်ဖွင့်လှစ်ပြီး ဖြစ်ကာ 2018 ခုနှစ်၏ ယဉ်ကျေးမှုဆိုင်ရာ မြူနီစီပယ် ဖြစ်လာခဲ့ပါသည်။ သို့သော်လည်း နောက်ထပ်လိုအပ်ချက်များ ရှိနေပါသေးသည်။

မလုံခြုံမှုများကို လျော့ချလိုပါက အနာဂါတ်မျှော်လင့်ချက်များကို ပေးနိုင်သည့် ကြိုးစားမှုများ ဥပမာ၊ ပိုကောင်းသောကျောင်းများ နှင့် အဆင့်မီ အားကစားကွင်းများ ပြုလုပ်ရပါမည်။ ကျွန်ုပ်တို့ အနာဂါတ်ကို အတူတူ တည်ဆောက်ကြပါမည်။

Socialdemokraterna
i Sandviken

# ဆန်မီကန် - ခေတ်သစ် စက်မှုရေးရာ နှင့် ယဉ်ကျေးမှုဆိုင်ရာ မြူနီစပယ်

ဆန်မီကန်သည် ခေတ်သစ် စက်မှုရေးရာ နှင့် ယဉ်ကျေးမှုဆိုင်ရာ မြူနီစပယ် ဖြစ်လာပါလိမ့်မည်။ ယင်းရည်မှန်းချက်ကို အရောက်လှမ်းနိုင်ရန် လိုအပ်သည့်အကြောင်းအားလုံးကို ဤတွင် ဖော်ပြမည်မဟုတ်ဘဲ အရေးကြီးသည်ဟု ယူဆရသည်များကိုသာ ဖော်ပြပါမည်။

ဆိုရှယ်ဒီမိုကရေစီ၏ တန်ဖိုးများအပေါ်အခြေခံသည့် လူမှုအသိုင်းအဝိုင်းကို ဒေသတွင်းအားဖြင့် တည်ဆောက်နိုင်သော်လည်း ဆိုရှယ်ဒီမိုကရေစီ မူဝါဒ၏ စွမ်းအားအပြည့်ရရန်အတွက် ဆိုရှယ်ဒီမိုကရေစီ အုပ်ချုပ်မှုသည် နိုင်ငံ နှင့် ဒေသတွင်း အဆင့်များတွင် လိုအပ်ပါသည်။

ဆိုရှယ်ဒီမိုကရက်များအနေဖြင့် ကျန်းမာသည်၊ ချူချာသည်၊ ငယ်သည်၊ အိုသည်၊ အမျိုးသား၊ အမျိုးသမီး၊ မြို့နေ၊ ကျေးလက်နေ၊ အလုပ်အကိုင်မဲ့၊ အလုပ်အကိုင်ရှိ စသည်ဖြင့်ခွဲခြားနေမည် မဟုတ်ပါ။ ဆန်မီကန် သည် ပွင့်လင်းသော လက်ခံနိုင်သော အသိုင်းအဝိုင်းဖြစ်ပြီး ယဉ်ကျေးမှုမျိုးစုံ၊ ဒီမိုကရေစီ နှင့် သာတူညီမျှဖြစ်မှုများကို ဂုဏ်ယူစွာဖြင့် ကျင့်သုံးနေပါသည်။

**မိတ်ဆွေ၏ အသံများသည် အရေးကြီးပါသည်။ ယခု ရွေးကောက်ပွဲရက်တွင် သင်ပါဝင်ရမည်ဖြစ်ပါသည်။**

# တိုးတက်နေသော မြူနီစပယ်

- မြူနီစပယ်၏ လှပသော ကျေးလက်ဒေသ နှင့် မြို့လယ်ခေါင်နေရာများသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါပါသည်
- နိုင်ငံသားများသည် မြူနီစပယ်၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် တက်ကြွစွာ ပါဝင်သင့်ပါသည်
- ကျွန်ုပ်တို့သည် နောင်ကာလ အိမ်ရာလိုအပ်ချက်ကို ဖြည့်ဆီးပေးနိုင်ရန် နေချင့်ဖွယ် လူနေရပ်ကွက်များကို ထူထောင်ပါမည်
- ကျွန်ုပ်တို့သည် မြူနီစပယ်အားလုံးကို လွှမ်းခြုံရန် ဘရော့ဘန်းလိုင်းများ တိုးချဲ့သွားပါမည်

# အနာဂါတ်ကာလ အလုပ်အကိုင် နှင့် တိုးတက်ရေးအခွင့်အလမ်းများ

- ကျွန်ုပ်တို့သည် လုပ်သားအင်အားလိုအပ်နေသည့် နယ်ပယ်များအပေါ် အာရုံစူးစိုက်မည့် လူကြီးသင်တန်းကျောင်းများကို တိုးချဲ့လုပ်ဆောင်ပါမည်
- အလုပ်အကိုင်မဲ့သူများကို အမှန်အကန်အလုပ်အကိုင်ရစေနိုင်သည့် အစီအစဉ်များကို စီစဉ်ပေးပါမည်
- ကျွန်ုပ်တို့သည် အနာဂါတ်ကာလ၏ ကျွမ်းကျင်လုပ်သားများမွေးထုတ်နိုင်အောင် ကူညီလုပ်ဆောင်ပါမည်
- ကျွန်ုပ်တို့သည် ဆန်မီကန်တွင် ကုမ္ပဏီများ လုပ်ငန်းထူထောင်ရန် နှင့် စီးပွားရေးလုပ်ရလွယ်ကူအောင် လုပ်ဆောင်ပါမည်
- အစိုးရ တင်ဒါများသည် အလုပ်သင်များ နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်သင့်သလို ပြည်တွင်းကုမ္ပဏီများလည်း ပါဝင်နိုင်ပြီး လုပ်ကိုင်နိုင်သည့် အခွင့်အလလမ်းများလည်း ရှိသင့်ပါသည်

# အသိပညာက ဆန်ဗီကန်ကို ပိုမို တိုးတက်အောင် လုပ်ဆောင်ပါသည်

- ဆန်ဗီကန် ကျောင်းသားများသည် ပညာရေးတွင် ပြောဆိုလိုသည်များ ရှိနေနိုင်ပါသည်
- မူလတန်းကျောင်းပြီးချိန်တွင် ကျောင်းသားအားလုံးသည် အမျိုးသား အထက်တန်းကျောင်းသို့ တက်ရောက်ခွင့်ရသင့်ပါသည်
- ကျွန်ုပ်တို့၏ အထက်တန်းကျောင်းသင်တန်းသည် ကျောင်းသားများ၏ စိတ်ပါဝင်စားမှု နှင့် လုပ်သားဈေးကွက်လိုအပ်ချက်များ နှင့် ကိုက်ညီပါလိမ့်မည်
- ကျွန်ုပ်တို့သည် မသိမသာ ခွဲထုတ်သွားခြင်းကို အဆုံးသတ်ပြီး ကျောင်းသားတိုင်းတွင် အရည်အသွေးမီ ပညာရေး ရရှိစေရပါမည်

# မြူနီစပယ်အားလုံးတွင် ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု

- ပြုစုစောင့်ရှောက်သူများသည် ကျွန်ုပ်တို့၏ နိုင်ငံသားများကို စောင့်ရှောက်ချိန် ပိုရစေရပါမည်
- ပြုစုစောင့်ရှောက်ခံများတွင် သူတို့ရရှိသည့် ပြုစုစောင့်ရှောက်မှုများအကြောင်း ပြောစရာများရှိပါလိမ့်မည်
- ကျွန်ုပ်တို့သည် ပြုစုစောင့်ရှောက်ခြင်းတွင် လုံခြုံမှုရှိမှု နှင့် ပြုစုစောင့်ရှောက်ခံများ၏ လွယ်လပ်ခွင့်ကို ပိုမိုတိုးတက်အောင် လုပ်ပါမည်
- ပြုစုစောင့်ရှောက်ခံများသည် သူတို့စိတ်ဝင်စားသည်များကို လုပ်ဆောင်နိုင်သင့်ပါသည်
- ပုဂ္ဂလိက ကုမ္ပဏီများတွင် ပြုလုပ်သော ကုန်ကျစရိတ်များအတွက် အစိုးရ ရံပုံငွေကို အသုံးပြုမည်မဟုတ်ပါ

# ရေရှည်ခံမည့် ဆန်ဗီကန်

- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို အများပိုမိုသိရှိစေရန် လုပ်ဆောင်ပါမည်
- မြူနီစပယ်၏ လုပ်ငန်းများတွင် အသုံးပြုသည့် အော်ဂဲနစ် နှင့် ဒေသတွင်းထုတ်လုပ်သည့် အစားအသောက်များ၏ အချိုးအစားကို တိုးမြှင့်ပါမည်
- ကားများအသုံးပြုမှုကို လျှော့ချပြီး အများသုံး သယ်ယူပို့ဆောင်ရေးများကို ပိုကောင်းအောင် လုပ်ဆောင်ပါမည်
- ဆန်ဗီကန် ကို စက်ဘီးစီးရန်အဆင်ပြေသည့် မြူနီစပယ်ဖြစ်စေရန် ရည်ရွယ်ထားပါသည်
- စတော်ဂျန်သည် သဘာဝပတ်ဝန်းကျင် နှင့် အပန်းဖြေရေး အတွက် အရေးကြီးသော အကြောင်းကိစ္စ ဖြစ်ပါသည်

# လုံခြုံရေးကောင်းမွန်စေရန်အတွက် ညီညွတ်မှု

- ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဒီမိုကရေစီတန်ဖိုးများ ပိုမိုကောင်းမွန်စေရန် လူတန်းစားမရွေးပါဝင်နိုင်သည့် လူမှုအသိုင်းအဝိုင်းကို ဖန်တီးပါမည်
- ကျွန်ုပ်တို့သည် မြို့နှင့် ကျေးလက်များတွင် နေထိုင်ရ သက်တောင့်သက်သာရှိသည့် ပတ်ဝန်းကျင်မျိုး ဖန်တီးပါမည်
- ကျွန်ုပ်တို့သည် မသိမသာ ခွဲထုတ်သွားခြင်းကို အမြစ်ပြုတ်တိုက်ဖျက်ပြီး လူမှုစီးပွားရေးအရ ထိခိုက်လွယ်သောနေရာများကို ပံ့ပိုးထောက်ပံ့သွားပါမည်

## ဆန်ဗီကန် ၏ ဆိုရှယ်ဒီမိုကရစ်များ

ဝက်ဘ်ဆိုက်ဒ်။ ။ sapsandviken.se

ဖေ့ဘုတ်။ ။ facebook.com/s.sandviken

တွစ်တာ။ ။ twitter.com/ssandviken